
ဘာသာပြန်
မောင်သိန်းထွန်း
ဟေးလုံထိုင်မှ
အရိပ်လူ
စာစဉ်-၂

# ပေးလုံထိုင်မှ အရိပ်လူ
## (စာစဉ်-၂)
## အပိုင်း (၁၁)

*

ယွင်ကျုံးဟဲ့၏ စကားကို ကြားပြီးနောက် ရှီ အန်းထင်သည် ဒေါသထွက်ခြင်း မရှိဘဲ အေး စက်စွာ ရယ်မောလိုက်သည်။ "သေခါနီးတောင် ခေါင်းမာနေတုန်းပဲ။ စောစောက အနှိပ်စက် တောင် မခံရသေးဘူး ဝန်ခံလိုက်ပြီ။ ခင်ဗျား လောက် တက်ကြွတဲ့ သစ္စာဖောက်မျိုး ကျုပ် တစ်ခါမှ မမြင်ဖူးဘူး။"

ဘီလူးမျက်နှာနှင့် အမျိုးသမီး ရှီအန်းထင်က လည်း အေးစက်စွာ ပြောလိုက်သည်။ "ယွင်ကျုံး

ဟဲ့... ရှင် ဘယ်လောက်ငြင်းငြင်း အလကားပဲ။ စောစောက ရှင်ဝန်ခံခဲ့တာတွေက ဟေးလုံထိုင်နဲ့ အင်ပါယာကို သစ္စာဖောက်တဲ့ သက်သေ အထောက်အထားတွေပဲ။"

ယွင်ကျိုးဟဲ့က ပြန်မေးလိုက်သည်။ "ဒါဆို ထျန်းကျန်းမြစ်ထဲ ခုန်ချရင်တောင် ကျူပ်အပြစ်တွေကို ဆေးကြောလို့ မရတော့ဘူးပေ့ါ။"

ရှီအန်းထင်က ဖြေသည်။ "ခင်ဗျားရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ညစ်ညမ်းနေတာ ဘယ်လိုဆေးကြောလို့ ရမှာလဲ။"

ရှီအန်းထင် (အမျိုးသမီး) က ဖြည့်စွက်ပြောလိုက်သည်။ "နောက်ဘဝကျရင် လူကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားပါတော့။"

"လုပ်လိုက်တော့..." မောင်နှမ နှစ်ယောက် ပြိုင်တူ အမိန့်ပေးလိုက်ကြသည်။

တစ်ပိုင်းတစ်စ နီရဲနေသော သံပူကိရိယာသည်

ယွင်ကျုံးဟဲ့၏ ရင်ဘတ်ဆီသို့ တိုးကပ်လာ၏။

"ရှီ..."

အသားလောင်ကျွမ်းသံနှင့်အတူ မီးခိုးများ ထွက်ပေါ်လာပြီး အနံ့ဆိုးများ ပျံ့နှံ့သွားသည်။

"အား... အား... အား..." ယွင်ကျုံးဟဲ့ အသည်းအသန် အော်ဟစ်ကာ တုန်ခါနေလေ၏။ ဘေးနားမှ စစ်သည်များသည် အံကြိတ်ကာ ကြည့်ရှုနေကြပြီး ကျေနပ်နေကြပုံပင်။

သို့သော်ငြား မကြာမီ ရှီအန်းထင် တစ်ခုခု မှားယွင်းနေကြောင်း သတိထားမိလိုက်၏။ ယွင်ကျုံးဟဲ့၏ အော်သံသည် နာကျင်၍ အော်သော အသံမဟုတ်ဘဲ အရသာတွေ့နေသော အသံမျိုး ဖြစ်နေလေသည်။

'ဒီလောကမှာ ဒီလောက် ရူးတဲ့သူ ရှိသေးတာလား။ သံပူကပ်တာကိုတောင် အရသာ ခံနေတာလား။'

ထို့နောက် နောက်ထပ် ထူးခြားမှုကို သတိထား မိလိုက်ပြန်သည်။ လေထဲတွင် အဝတ်အစား လောင်ကျွမ်းနံ့သာ ရပြီး အသားလောင်ကျွမ်းနံ့ မရရှိသောကြောင့်ပင်။

ရှီအန်းထင်သည် အမြန် ပြေးသွားပြီး ယွင်ကျုံး ဟဲ့၏ အင်္ကျီကို ဆွဲဖယ်ကြည့်လိုက်ရာ အတွင်း ဘက်တွင် မှန်တစ်ချပ်ကို တွေ့လိုက်ရသည်။ သံ ပူကိရိယာသည် မှန်ပေါ်တွင် ကပ်နေပြီး ယွင် ကျုံးဟဲ့မှာမူ အထိအခိုက်မရှိ ဖြစ်နေ၏။

"အိုက်ရား... မိသွားပြီ။"

ယွင်ကျုံးဟဲ့က ပြောလိုက်သည်။ "ကျုပ်တို့လို ရုပ်ချောတဲ့သူတွေက အကျင့်တစ်ခု ရှိတယ်။ မှန် တစ်ချပ် အမြဲ ဆောင်ထားတတ်တယ်။ ဗိုက်ဆာ ရင် ထုတ်ကြည့်လိုက်တာနဲ့ ဗိုက်ဝသွားရော။"

မည်သူမှ သူ့ကို ပြန်မပြောကြပေ။

ယွင်ကျုံးဟဲ့က ဆက်ပြောသည်။ "ဘာလို့လဲ သိ

လား။ ရုပ်ချောတာက ထမင်းစားရတာနဲ့ တူတူပဲ။ ကျုပ်လို ချောတဲ့သူကျတော့ တစ်ချက်ကြည့်လိုက်တာနဲ့ စားကောင်း သောက်ဖွယ်တွေ စားလိုက်ရသလိုပဲ။

ကျုပ် မျက်လုံးအောက်က မျက်ကွင်း မဲနေတာတွေကို တွေ့လား။ ဘာလို့ အိပ်ရေးပျက်လဲ သိလား။ မနက် (၆) နာရီတောင် မထိုးသေးဘူး၊ ကိုယ့်ရုပ်ကိုယ် ပြန်မြင်ပြီး လန့်နိုးလာလို့လေ။ တကယ် စိတ်ညစ်စရာ ကောင်းတယ်ဗျာ။"

ဘေးနားမှ လူများ၏ မျက်နှာ ရှုံ့မဲ့သွားကြသည်။

"သူငွေး... သူ့ကို ရိုက်သတ်လိုက်လို့ ရမလား။" စစ်သည်တစ်ဦးက ဒေါသတကြီးဖြင့် မေးလိုက်၏။ သူ သည်းမခံနိုင်တော့ပေ။

ရှီအန်းထင်သည် အေးစက်သွားသော သံပူကိရိယာကို မီးဖိုထဲ ပြန်ထည့်လိုက်သည်။ မိနစ်

အနည်းငယ် ကြာချိန်မှာတော့ သံပူကိရိယာသည် တစ်ဖန် ပြန်လည် နီရဲလာ၏။

ရှီအန်းထင်သည် သံပူကိရိယာကို ကိုင်ကာ ယွင်ကျုံးဟဲ့ထံသို့ တစ်ဖန် လျှောက်လာသည်။

ထို့နောက် သူက ပြောလိုက်၏။ "ခင်ဗျားက ကိုယ့်ရုပ်ကိုယ် ပြန်မြင်ပြီး လန့်နိုးတတ်တယ်ဆိုတော့ ကျုပ် ခင်ဗျားကို ရုပ်ဖျက်ဆီး ပေးလိုက်မယ်။ ဒါဆိုရင် ခင်ဗျား ညတိုင်း ကောင်းကောင်း အိပ်ပျော်သွားမှာပါ။"

ထို့နောက် သူသည် သံပူကိရိယာကို ယွင်ကျုံးဟဲ့၏ မျက်နှာနားသို့ တိုးကပ်လိုက်ကာ ပြောလိုက်သည်။ "ခင်ဗျားရဲ့ မျက်နှာက တကယ်ပဲ သံမဏိလို မာကျောသလားဆိုတာ စမ်းကြည့်ရအောင်။"

ယွင်ကျုံးဟဲ့က ရယ်မောလိုက်သည်။ "သူဌေးရှီ... နေပါအုံးဗျ။"

ထို့နောက် သူ၏ မျက်နှာထား တည်ကြည်သွားသည်။ "ကျုပ် ပြောပြီးသားလေ။ စောစောက အဖြစ်အပျက်တွေ အားလုံးက ကျုပ် သရုပ်ဆောင်ပြတာပါလို့။ ခင်ဗျားတို့ ကျုပ်ကို စမ်းသပ်မယ် ဆိုတာ ကျုပ် ကြိုသိနေတယ်။ ကျုပ်ကလည်း ခင်ဗျားတို့ကို ပြန်စမ်းသပ်လိုက်တာ။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့ စွမ်းဆောင်ရည်က ကျုပ်ကို စိတ်ပျက်စေတယ်။"

ရှီအန်းထင်က ပြန်ပြောသည်။ "ခင်ဗျား ဘယ်လောက်ပဲ လျှာအရိုးမရှိ ပြောနေပါစေ အလကားပဲ။"

လက်ရှိ အခြေအနေတွင် ယွင်ကျုံးဟဲ့သည် ထျန်းကျန်းမြစ်ထဲ ခုန်ချလျှင်ပင် အပြစ်ကင်းစင်ကြောင်း သက်သေပြနိုင်တော့မည် မဟုတ်ပေ။ မျက်နှာ ဖျက်ဆီးခံရမည့် ကံကြမ္မာမှ လွတ်မြောက်နိုင်ဖွယ် မရှိချေ။

ယွင်ကျုံးဟဲ့က ပြောလိုက်၏။ "အစ်မ... ခင်ဗျား ရဲ့ ခါးပတ်ထဲမှာ စာရွက်တစ်ရွက် ရှိမနေဘူး လား။ စမ်းကြည့်ပါအုံး။"

ရှီအန်းထင် (အမျိုးသမီး) ကြောင်သွားပြီး ခါးပတ်ကို စမ်းကြည့်လိုက်ရာ ဘာမှ မရှိပေ။

"အနောက်ဘက်က ခါးပတ်ကြားထဲမှာလေ။" ယွင်ကျုံးဟဲ့က ထပ်ပြောသည်။

ရှီအန်းထင် (အမျိုးသမီး) သည် လက်ကို နောက်ဘက်သို့ ပို့ပြီး စမ်းကြည့်လိုက်ရာ စာရွက် တစ်ရွက်ကို ဆွဲထုတ်မိလိုက်၏။ ဖွင့်ကြည့်လိုက် ချိန်မှာတော့ စာလုံးကြီးများဖြင့် ရေးထားသည် ကို တွေ့လိုက်ရ၏။

"ရှီအန်းထင်... ကျင်းမိသားစုရဲ့ သွေးနက်ဂိုဏ်း ယောင် ဆောင်ရတာ ပျော်စရာ ကောင်းလား။ စမ်းသပ်တာတွေ တော်လိုက်ပါတော့။ ကျုပ်က အစတည်းက ရိပ်မိပြီးသားပါကွ။"

မောင်နှမ နှစ်ယောက် မျက်လုံးပြူးသွားကြသည်။

ရှီအန်းထင် (အမျိုးသား) သည် ပြေးလာပြီး စာရွက်ကို ယူဖတ်ကြည့်လိုက်၏။

မြေအောက်ခန်းထဲ ရောက်တည်းက ယွင်ကျိုးဟဲ့သည် ကြိုးတုပ်ခံထားရပြီး လှုပ်ရှား၍ မရပေ။ ထို့ကြောင့် ဤစာရွက်ကို ထည့်နိုင်သည့် တစ်ခုတည်းသော အချိန်မှာ မြေအောက်ခန်းထဲသို့ စဝင်သည့် အချိန်သာ ဖြစ်နိုင်၏။ ထိုအချိန်က စစ်ဆေးမေးမြန်းမှုပင် မစတင်ရသေးပေ။

ပို၍ အံ့ဩစရာ ကောင်းသည်မှာ အန်းထင်တည်းခိုခန်းနှင့် (၂) မိုင်အကွာလောက်တည်းက ယွင်ကျိုးဟဲ့ကို ရှီအန်းထင်၏ လူများက စောင့်ကြည့်နေခဲ့ခြင်း ဖြစ်သည်။ သူ့ကို စာရေးနေသည်ဟူ၍ တစ်ကြိမ်မျှ မတွေ့ခဲ့ရပေ။ ဆိုလိုသည်မှာ ဤစာရွက်ကို သူ ကြိုတင်

ရေးသားထားခြင်း ဖြစ်၏။

ရှီအန်းထင်က သူ့ကို စမ်းသပ်မည်ဟု လွှန်ခဲ့သော ရက်အနည်းငယ်တည်းက သူ ခန့်မှန်းမိခဲ့သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ တကယ့်ကို ကြောက်စရာ ကောင်းသော ဉာဏ်ပညာပင်။

ရှီအန်းထင် (အမျိုးသား)က ညီမဖြစ်သူကို ဒေါသတကြီး ကြည့်လိုက်သည်။ "မင်းက သိုင်းပညာ ဒီလောက် တော်ပြီးတော့ ကြက်ကလေး တစ်ကောင် ဖမ်းသလောက်တောင် အားမရှိတဲ့ ယွင်ကျုံးဟဲ့က မင်းခါးပတ်ထဲ စာရွက်ထည့်တာကို မသိလိုက်ဘူးလား။"

ယွင်ကျုံးဟဲ့က ပြောလိုက်၏။ "သူဌေးရှီ... အစ်မကို အပြစ်မတင်ပါနဲ့။ ကျုပ်မှာ ကြက်ဖမ်းဖို့ အားမရှိပေမဲ့ အထူးစွမ်းရည် တချို့တော့ ရှိပါတယ်။ လူတွေက ကျုပ်ကို ရုပ်ချောလို့ အသည်း

ခွဲတဲ့လူလို့ပဲ ထင်ကြတာ။"

"တကယ်တော့ ကျုပ်က သူခိုးပါ။ အသက် (၁၀) နှစ်မတိုင်ခင်က ခါးပိုက်နှိုက်ပြီး အသက်မွေးခဲ့ရတာလေ။ တစ်နေ့ကို ငွေ (၁၀) ပြား ပြည့်အောင် မခိုးနိုင်ရင် ထမင်းငတ်တယ်။ (၅) ပြား မပြည့်ရင် အရိုက်ခံရတယ်။ (၃) ပြား မပြည့်ရင် လက်ချိုးခံရတယ်။"

ယွင်ကျုံးဟဲ့ လိမ်ပြောနေခြင်း မဟုတ်ပေ။ ဤကမ္ဘာမှ ယွင်ကျုံးဟဲ့သည် အသက် (၆) နှစ်အရွယ်တည်းက တစ်ခါမှ လက်မလွှန်ဖူးပေ။

နောက်တစ်ချက်မှာ ရှီအန်းထင် (အမျိုးသမီး) သည် အပြင်ပန်းသာ ကြမ်းတမ်းသော်လည်း အတွင်းစိတ်မှာ ဖြူစင်သူ ဖြစ်သည်။

ယွင်ကျုံးဟဲ့၏ လက်က သူမ၏ ခါးကို ကိုင်လိုက်ချိန်တွင် တစ်ကိုယ်လုံး တုန်သွားသောကြောင့် ခါးပတ်ထဲ စာရွက်ထည့်လိုက်

သည့်ကို သတိမထားမိခြင်း ဖြစ်၏။

ရှီအန်းထင် (အမျိုးသား) သည် စာရွက်ကို အကြိမ်ကြိမ် ဖတ်ပြီးနောက် မီးဖိုထဲသို့ ပစ်ထည့် လိုက်သည်။

ထို့နောက် ယွင်ကျုံးဟဲ့ကို ကြည့်လိုက်ရာ ရင်ထဲတွင် တုန်လှုပ်ချောက်ချားမှုကို ခံစားလိုက်ရ၏။ ပထမဆုံး တွေ့ဆုံမှုတွင် ယွင်ကျုံးဟဲ့ကို အနိုင်ကျင့်ရန် ကြံစည်ခဲ့သော်လည်း ပြန်လည် ပညာပေးခံလိုက်လေ၏။

တစ်ဖက်လူက သူ၏ လုပ်ရပ်ကို ရက်အနည်းငယ် ကြိုတင် ခန့်မှန်းထားရုံသာမက သူ့စိတ်တိုင်းကျ ဖြစ်အောင်ပါ ကပြအသုံးတော်ခံသွားသေးသည်။ တကယ့်ကို အရှက်ရစရာပင်။

ယွင်ကျုံးဟဲ့သည် တကယ့်ကို မြွေခွေးတစ်ကောင်ကဲ့သို့ ပါးနပ်လှသည်။ ဤမျှ ဉာဏ်ကောင်းသော လူမျိုးကို မတွေ့ရသည်မှာ

ကြာခဲ့ပြီဖြစ်၏။

ဤ်တစ်ကြိမ်တွင် ရှီအန်းထင် ရှုံးနိမ့်သွားပြီး အန်းထင် တည်းခိုခန်း တစ်ခုလုံးသည် ယွင်ကျုံးဟဲ့၏ ခြေဖဝါးအောက် ရောက်သွားပြီ ဖြစ်သည်။

"ဘယ်လိုလဲ သူဌေးရှီ... ကျုပ်တို့ ဆွေးနွေးလို့ ရပြီလား။" ယွင်ကျုံးဟဲ့က မေးလိုက်၏။

ရှီအန်းထင် ရှေ့သို့ တိုးလာပြီး ယွင်ကျုံးဟဲ့၏ ကြိုးများကို ဖြေပေးလိုက်သည်။

ထို့နောက် လက်သီးဆုပ်ကာ အရိုအသေ ပြုလိုက်၏။ "တာယင်အင်ပါယာ ဟေးလုံထိုင်၊ ပိုင်ရှင်မဲ့နယ်မြေဌာန၊ တပ်မှူး ရှီအန်းထင် ပါ။"

"တာယင်အင်ပါယာ ဟေးလုံထိုင်၊ ယွင်ကျုံးဟဲ့ ပါ။" ယွင်ကျုံးဟဲ့ မတ်တတ်ရပ်လိုက်ပြီး ပြောလိုက်သည်။

"ရေတစ်ခွက်လောက် ပေးလို့ရမလား။"

ခဏအကြာတွင် ရေတစ်ခွက် ရောက်လာ

သည်။ ယွင်ကျုံးဟဲ့သည် မျက်နှာသစ်ပြီး မိတ်ကပ်များကို ဖျက်လိုက်ရာ သူ၏ မူလ ရုပ်ရည်ဖြစ်သော ပြိုင်ဘက်ကင်း ချောမောသည့် မျက်နှာ ပေါ်လာ၏။

"ကျုပ် မှန်လေး ပြန်ပေးပါအုံး။"

ရှီအန်းထင်က မှန်ကို ပြန်ပေးလိုက်သည်။

ယွင်ကျုံးဟဲ့သည် မှန်ကို ကိုင်ကာ အလင်းရောင် ကောင်းသော နေရာသို့ သွားပြီး ကိုယ့်မျက်နှာကိုယ် ပြန်ကြည့်လိုက်၏။ (၈) ရက်ကြာမှ သူ့မျက်နှာချောချောလေးကို ပြန်မြင် ရတော့သည်။

"တစ်ရက်မမြင်ရရင် သုံးနှစ်ကြာသလိုပဲတဲ့။ နေကောင်းလား လူချောလေး။" ယွင်ကျုံးဟဲ့က မှန်ထဲမှ ကိုယ့်ပုံရိပ်ကို ပြောလိုက်၏။

ရှီအန်းထင် (အမျိုးသမီး) ၏ တစ်ကိုယ်လုံး တုန်သွားပြီး ယွင်ကျုံးဟဲ့ကို မျက်နှာဖျက်ဆီးပစ်

ချင်စိတ် ပိုမို ပြင်းထန်လာသည်။

သုံးမိနစ်ခန့် မှန်ကြည့်ပြီးနောက် ယွင်ကျိုးဟဲ့ သည် မှန်ကို ရင်ခွင်ထဲသို့ ဂရုတစိုက် ပြန်ထည့် လိုက်၏။

ထို့နောက် ထိုင်ခုံပေါ်တွင် ထိုင်ကာ ခြေချိတ် လိုက်ပြီး ပြောသည်။ "ကဲ... ရှီလေး... အလုပ် သဘော စတင် တင်ပြတော့လေ။"

ရှီအန်းထင်က ခံစားချက်မဲ့သော မျက်နှာဖြင့် ပြောလိုက်၏။ "သခင်လေးယွင်ကျိုးဟဲ့... ကျုပ် က အထက်လူကြီးပါ။"

"ဟုတ်လား။"

ယွင်ကျိုးဟဲ့ ထိုင်ခုံမှ အမြန်ထပြီး ခါးကိုင်းကာ အရိုအသေ ပြုလိုက်သည်။ "လာပါ။ တပ်မှူးရှီ... ညွှန်ကြားပါခင်ဗျာ။"

ရှီအန်းထင် ခေါင်းနပပန်း ကြီးသွား၏။ 'ဒီလူနဲ့ ရှေ့ဆက်ပြီး ဘယ်လို လက်တွဲ လုပ်ကိုင်ရပါ့မ

လဲ။'

ဟေးလုံထိုင်သည် အလွန် တည်ကြည် လေးနက်သော အဖွဲ့အစည်း ဖြစ်သည်။ အားလုံး က မျက်နှာထား တင်းတင်းဖြင့် နေတတ်ကြ သည်။

ဓားသွားပေါ်တွင် လမ်းလျှောက်နေရသော အလုပ်ဖြစ်သောကြောင့် အမှားအယွင်း မခံပေ။ အမှားတစ်ခု လုပ်မိလျှင် လူပေါင်း ရာချီ သေဆုံး သွားနိုင်၏။

ထို့ကြောင့် ဟေးလုံထိုင် အတွင်းရှိ လူတိုင်း သည် သေမင်းတမန်များကဲ့သို့ အေးစက်နေ တတ်ကြသည်။ စကားတစ်လုံး လျှော့ပြောလျှင် ပို၍ အမှားကင်းသည်ဟု ခံယူထားကြခြင်းပင်။

"သခင်လေးယွင်... လေခွင်းမြို့ စစ်ဆင်ရေးရဲ့ အကြီးဆုံး တာဝန်ခံက သခင်ကြီး ဖုန်းရှင်းမွဲ့ ဆို တာ ခင်ဗျား သိမှာပါ။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်နှစ်

က သူ အကြီးအကျယ် ရှုံးနိမ့်ခဲ့တယ်။ အဲဒီအတွက်ကြောင့် အင်ပါယာရဲ့လေခွင်းမြို့အတွင်းက လှို့ဝှက်အင်အားစုတွေ ပျက်စီးသွားပြီး စီမံကိန်း တစ်ခုလုံး ရပ်တန့်လုနီးပါး ဖြစ်ခဲ့ရတယ်။"

"ကျုပ် မသိဘူး။" ယွင်ကျုံးဟဲ့က ခေါင်းခါလိုက်သည်။

ရှီအန်းထင်က ဆက်ပြောလိုက်၏။ "အဲဒီလို အကြီးအကျယ် ရှုံးနိမ့်ခဲ့ရင် အပြစ်ပေးခံရသင့်တာပေါ့။ ဒါပေမဲ့ အခြေအနေ ထူးခြားတာရယ်၊ အကြီးအကဲရှီက သူ့အသက်နဲ့ ရာထူးကို အာမခံပြီး တောင်းဆိုခဲ့တာရယ်ကြောင့် နောက်ထပ် အခွင့်အရေး တစ်ကြိမ် ထပ်ရခဲ့တာ။"

ယွင်ကျုံးဟဲ့သည် အကြီးအကဲရှီ ဆိုသူမှာ မည်သူမှန်း မသိသော်လည်း ဟေးလုံထိုင်၏ အကြီးကဲတစ်ဦး ဖြစ်မည်မှာ သေချာသည်။

ရှီအန်းထင်က ပြောလိုက်၏။ "ရာထူး မပြုတ်သွားပေမယ့် လေခွင်းမြို့နဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေ အားလုံးကို ပိုင်ရှင်မဲ့နယ်မြေဌာနရဲ့ လက်အောက်ကို လွှဲပေးလိုက်ရတယ်။"

ဟေးလုံထိုင်သည် အလွန် ကြီးမားသော သူလျှို အဖွဲ့အစည်း ဖြစ်ပြီး ဌာနခွဲ (၉) ခု ရှိသည်။ အခြေအနေအရ တိုးချဲ့ခြင်း၊ လျှော့ချခြင်းများ ပြုလုပ်တတ်သည်။

ဥပမာ - နန်ကျောက်ဌာနကို အနောက်တောင်ဘက်ရှိ နိုင်ငံတစ်ခုကို တိုက်ခိုက်ရန် ဖွဲ့စည်းခဲ့သော်လည်း ထိုနိုင်ငံ ပျက်စီးသွားချိန်မှာတော့ ဖျက်သိမ်းခြင်းခံလိုက်ရ၏။

လွန်ခဲ့သော (၅) နှစ်က တောင်ပိုင်းကျူးအင်ပါယာသည် မူဝါဒ ပြောင်းလဲပြီး မြောက်ဘက်သို့ ဦးတည် လာချိန်မှာတော့ ပိုင်ရှင်မဲ့နယ်မြေသည် ဗျူဟာမြောက် အရေးပါလာသည်။ ထို့ကြောင့်

ဟေးလုံထိုင် ပိုင်ရှင်မဲ့ နယ်မြေဧရာနကို ဖွဲ့စည်းခဲ့ပြီး သတင်းထောက်လှမ်းရေး လုပ်ငန်းများကို လုပ်ဆောင်စေခဲ့သည်။

ရှီအန်းထင်က ဆက်ရှင်းပြလိုက်၏။ "လွန်ခဲ့တဲ့ ရက်ပိုင်းက သခင်ကြီး ဖုန်းရှင်းမြွှက ယွင်ကျုံးဟဲ့ကို ရွေးချယ်လိုက်တယ် ဆိုတဲ့သတင်း ကြားရတော့ ပိုင်ရှင်မဲ့နယ်မြေဧရာနမှာ ဂယက်ရိုက်သွားတယ်။ အကြီးအကဲ အများအပြားက ပြင်းပြင်းထန်ထန် ကန့်ကွက်ကြတယ်။

သခင်ကြီး ဖုန်းရှင်းမြွှက ကိုယ့်ခေါင်းကို လောင်းကြေးထပ်ပြီး စားပွဲပေါ် ရွှေတံဆိပ်ပြား ရိုက်တင်လိုက်လို့သာ ခင်ဗျား လွတ်လာတာ။ မဟုတ်ရင် ပိုင်ရှင်မဲ့နယ်မြေဧရာနက မြင်းနက်တပ်သားတွေ လာဖမ်းသွားလောက်ပြီ။"

ဤအတွင်းရေးများကို ယွင်ကျုံးဟဲ့ မသိရှိခဲ့ပေ။ သို့သော်ငြား ဖုန်းရှင်းမြွှသည် သူ့ကို ရွေးချယ်ရန်

အတွက် ကြီးမားသော ဖိအားများကို ရင်ဆိုင်ခဲ့ရကြောင်း ခန့်မှန်းမိသည်။

ရှီအန်းထင်က ပြောလိုက်၏။ "သခင်ကြီး ဖုန်းရှင်းမြဲ့က မြို့တော်ကနေ တိုက်ရိုက် စေလွှတ်လိုက်တဲ့သူ ဖြစ်ပြီး လေခွင်းမြို့ ကိစ္စတွေကို တာဝန်ယူရတယ်။ ရာထူးအရ ပိုင်ရှင်မဲ့နယ်မြေဌာနရဲ့ အောက်မှာ ရှိပေမဲ့ လုပ်ပိုင်ခွင့်အာဏာ ရှိတယ်။ သူက ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တော့ မြင်းနက်တပ်သားတွေ ပြန်ဆုတ်သွားရတယ်။

ဒါပေမဲ့ ဌာနက အရာရှိကြီးတွေက မြို့တော်ကို စာပို့ပြီး သခင်ကြီး ဖုန်းရှင်းမြဲ့ကို တိုင်ကြားထားကြတယ်။ သူ့ရဲ့ ရာထူးကို ရုပ်သိမ်းပြီး မြို့တော်ကို ဖမ်းခေါ်သွားဖို့ တောင်းဆိုထားကြတယ်။

ကျုပ်က တပ်မှူးအဆင့်လေးပဲမို့ သိပ်အရေးမပါလှပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်နှစ်က ကျရှုံးမှုကြောင့် လေခွင်းမြို့က လျှို့ဝှက်အင်အားစုတွေ

ပျက်စီးသွားပြီး ကျုပ်က အဓိက ကျားကွက် ဖြစ်လာတယ်။ အရေးပါတဲ့ အဆုံးအဖြတ် ပေး နိုင်သူ ဖြစ်လာတာပဲ။"

ယွင်ကျုံးဟဲ့က ပြောလိုက်သည်။ "တပ်မှူးရှီ... လိုရင်းကိုပဲ ပြောပါ။"

ရှီအန်းထင်က ပြောလိုက်၏။ "ကျုပ်ဆီကို အမိန့်စာ နှစ်စောင် ရောက်လာတယ်။ တစ် စောင်က သခင်ကြီး ဖုန်းရှင်းမြဲဆီက၊ နောက် တစ်စောင်က ပိုင်ရှင်မဲ့နယ်မြေဧာန ညွှန်ကြား ရေးမှူးဆီကပဲ။ သခင်ကြီး ဖုန်းရှင်းမြဲရဲ့ အမိန့် က လေခွင်းမြို့ တာဝန်ကို ယွင်ကျုံးဟဲ့ လုပ်ဆောင်ရမယ်။ ကျုပ်က ကူညီရမယ်တဲ့။ ညွှန်ကြားရေးမှူးရဲ့ အမိန့်ကတော့ လေခွင်းမြို့ တာဝန်ကို 'မြွေပွေး' က လုပ်ဆောင်ရမယ်။ ကျုပ်က ကူညီရမယ်တဲ့။ ပြီးတော့ လျှို့ဝှက်ထား ဖို့အတွက် ခင်ဗျားကို ချက်ချင်း ဖမ်းဆီးပြီး အင်

ပါယာ နယ်မြေထဲက ဟေးလုံထိုင် လှိုဝ္ဂက်ထောင်ကို ပို့ပြီး တစ်သက်တစ်ကျွန်း ချရမယ်တဲ့။"

ယွင်ကျုံးဟဲ့က မေးလိုက်သည်။ "မြွေပွေး... သူက ဘယ်သူလဲ။"

ရွှီအန်းထင်က ရှင်းပြလိုက်၏။ "မြွေပွေး ဆိုတာ ဟေးလုံထိုင်ရဲ့ အတော်ဆုံး သူလျှိုတစ်ယောက်ပဲ။ (၁၀) နှစ်အတွင်း သူ လုပ်ဆောင်ခဲ့တဲ့ တာဝန်တွေ တစ်ခုမှ မကျရှုံးဖူးဘူး။

အင်ပါယာအတွက် ကြီးမားတဲ့ အကျိုးပြုမှုတွေ လုပ်ခဲ့တယ်။ တကယ့် ထိပ်တန်း အထက်တန်းစား သူလျှိုပဲ။ မူလက ဒီတာဝန်ကို သူ လုပ်ဆောင်ရမှာ။ ခင်ဗျား ရောက်လာလို့ သူ နေရာဖယ်ပေးလိုက်ရတာ။

ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ်က မြွေပွေးကို လေးစားအားကျတဲ့သူပါ။ ဒီအပိုင်းထဲက

လူအားလုံးလည်း သူ့ကို လေးစားကြတယ်။

သခင်လေးယွင်ကျုံးဟဲ့... ခင်ဗျားက တစ်ရက်မှ လေ့ကျင့်ရေး မဆင်းဖူးဘူး။ လမ်းဘေးလူမိုက် အဆင့်ပဲ ရှိတယ်။ ဒါကြောင့် အထက်လူကြီးတွေက သခင်ကြီး ဖုန်းရှင်းမြဲ ရူးသွားပြီလို့ ထင်နေကြတာ။ ဒီလောက် အရေးကြီးတဲ့ တာဝန်ကို ခင်ဗျားလက်ထဲ ထည့်လိုက်ရသလား ဆိုပြီးတော့လေ။"

ဟေးလုံထိုင် အရာရှိကြီးတွေတင် မကပေ။ ယွင်ကျုံးဟဲ့ ကိုယ်တိုင်လည်း ဖုန်းရှင်းမြဲ ရူးသွားပြီဟု ထင်မိသည်။

ရှီအန်းထင်က လေးနက်စွာ မေးလိုက်၏။ "သခင်လေးယွင်ကျုံးဟဲ့... ခင်ဗျား ပြောကြည့်ပါအုံး။ ကျုပ် ဘယ်လို ရွေးချယ်သင့်လဲ။ ခင်ဗျားကို ရွေးမလား၊ မြွေပွေးကို ရွေးမလား။ ဘယ်အမိန့်ကို နာခံရမလဲ။"

‘စိတ်ဝင်စားစရာ ကောင်းလာပြီ။ ကျင်းကျိုးယွဲ့ကို သိမ်းပိုက်ဖို့ ဟေးလုံထိုင်က လူနှစ်ယောက်ပြိုင်ခိုင်းနေတာလား။’

ယွင်ကျိုးဟဲ့က မေးလိုက်သည်။ "ဒါဆို ဟေးလုံထိုင်ရဲ့ ဂုဏ်ယူစရာ ‘မြွေပွေး’ က ဘယ်မှာလဲ။"

ရှီအန်းထင်က ပြောလိုက်၏။ "သူ ရောက်နေပြီ။ ခင်ဗျားထက် နာရီပိုင်း စောပြီး ရောက်လာတာ။"

ထိုစကားကို ကြားချိန်မှာတော့ ယွင်ကျိုးဟဲ့၏ အမွေးအမျှင်များ ထောင်ထလာသည်။ ကြောက်ရွံ့ခြင်းကြောင့် မဟုတ်ဘဲ တိုက်ခိုက်ချင်စိတ် ပြင်းပြလာခြင်း ဖြစ်သည်။ တိုက်ပွဲဝင်ကြက်ဖတစ်ကောင်ကဲ့သို့ပင် သူ့ရင်ထဲတွင် စိတ်လှုပ်ရှားမှုများ ပြည့်နှက်လာသည်။

‘ဟား... ပျော်စရာကြီး... ကျုပ်စွမ်းရည်တွေ ထုတ်ပြရတော့မယ်။ ကျုပ်ရဲ့ပြပွဲ စပြီ။’

. . . . . . . . . . . . . . . . . .

***